# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၇ ရက်၊ စနေနေ့။ Saturday, 4 March 2017 (၈၈၅၅)


### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုရန်ကိစ္စရပ်များ အမြင်ချင်းဖလှယ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် The Global Fund အမှုဆောင်ဒါရိုက်တာအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်နိုင်ငံ The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် The Global Fund အဖွဲ့အစည်းမှပေးအပ်သော ရန်ပုံငွေများနှင့် အစီအစဉ်များကိစ္စ၊ The Global Fund နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ကိစ္စ၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်သွားခြင်းဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်ကို အထောက်အကူပြုရန် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းများ အဆိုပြုထားသည့် အဆိုပြုချက် (၉)ချက် သဘောတူညီချက်ရရှိ

စာမျက်နှာ - ၈

လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ရေးရာဆိုင်ရာ ဓာတ်ပုံဓာတ်လမ်းများ မတ် ၄ ရက်နှင့် ၅ ရက်တွင် မဟာဗန္ဓုလပန်းခြံ၌ ပထမဆုံး အကြိမ် စတင်ပြသမည်

စာမျက်နှာ - ၁၁

# ကျပ် ၅၀၀ တန် အောင်ဘာလေထီ အက္ခရာ ၃၅ လုံးကျော် ရောင်းချပြီးဖြစ်

**ရန်ကုန် မတ် ၃**

မတ် ၁ ရက်တွင် စတင်ရောင်းချပေးခဲ့ပြီး ဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်ပေးမည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို မြန်မာတစ်နိုင်ငံလုံးရှိ ကိုယ်စားလှယ် ၂၀၀၀ ကျော်ထံသို့ ထုတ်ဝေရောင်းချပေးထားရာတွင် "က" အက္ခရာမှ "သ" အက္ခရာအထိ အက္ခရာ အလုံး ၃၀၊ အရန်ထီအဖြစ် "ဟ" အက္ခရာနှင့် "ဠ" အက္ခရာ ("အ" အက္ခရာ မပါဝင်) အပါအဝင် အရန်ထီ "ကက" အက္ခရာမှစ၍ အက္ခရာ အရေအတွက် ၅၂ လုံး ရိုက်နှိပ်ထားပြီး လက်ရှိတွင် အက္ခရာ ၃၅ လုံးကျော် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ဆက်လက်၍ ဝယ်ယူလိုသူများကို အရန်ထီလက်မှတ်များ ရောင်းချပေးလျက်ရှိရာ ရောင်းချရန် ကျန်ရှိနေသေးသည့် အက္ခရာ ၁၆ လုံးကျော်ကို အနည်းဆုံး ထီစာအုပ်ရေ ၁၀၀ နှင့်အထက် ဝယ်ယူလိုသူများအား ရောင်းချမည်ဖြစ်ပြီး TF-1 ချလန်ဖြင့် ဘဏ်သို့ ငွေသွင်းပြီး ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အက္ခရာအရေအတွက် ၅၂ လုံး၊ ထီစာအုပ်ပေါင်း ၄၂၅၄၅၃၆ အုပ်၊ ထီစောင်ရေပေါင်း ၄၆၇၉၉၈၉၆ စောင် ထုတ်ဝေထားပြီး ရောင်းချပြီးအက္ခရာအရေအတွက်မှာ ၃၅ လုံးကျော်၊ ထီစာအုပ်ပေါင်း ၂၈၈၈၈၈၉ အုပ်၊ ထီစောင်ရေပေါင်း ၃၁၇၇၇၇၇၉ စောင် ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့**




